BEWG

Burma Environmental Working Group

# (COVID 19) ကာလအတွင်းစစ်ပဋိပက္ခများ၊ နိုင်ငံရေးအမြတ်ထုတ်မှုများဖန်တီးနေမှုအပေါ် ထုတ်ပြန်ချက်

၂၀၂၀ ခုနှစ် မေလ ၅ ရက်နေ့

(COVID 19) ကမ္ဘာ့ကပ်ရောဂါနှင့် စပ်လျဉ်း၍ အရေးကြီးသည့် လူသားအားလုံး၏ ကျန်းမာရေးအခြေအနေ ဖြစ်သောကြောင့် အားလုံး ဝိုင်းဝန်းတိုက်ဖျက်ရန် လိုအပ်နေသည့် အချိန်ကာလဖြစ်ပြီး မြန်မာနိုင်ငံတွင် (COVID 19) ရောဂါပိုးတွေ့ရှိသူနေ့စဉ်နှင့် အမျှမြင့်တက်လာနေသည်။

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေသည် စီးပွားရေးထက် လူထုအားလုံး၏ ကျန်းမာရေး နှင့် လုံခြုံရေးသည် ပို၍ အရေးကြီးသောအချိန်ကာလာဖြစ်သောကြောင့် စီးပွားရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း နှင့် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ အလုပ်သမားများအားလုပ်ငန်းခွင်များတွင် ပြန်လုပ်ခွင့်ပေးခြင်း နှင့် Covid 19 အန္တရယ် လျော့ချရေးအတွက် ဘဏ္ဍာငွေ ထောက်ပံ့မှု အားနည်းနေခြင်းသည် လူစုလူဝေး နှင့် COVID 19 ပြန့်ပွားမှုဖြစ်စေနိုင်သည့်အပြင် ရောဂါပျံ့နှံ့မှု ပိုမိုဖြစ်ပေါ်လာပါကထိန်းချုပ်ရန် ပိုမိုခက်ခဲစေနိုင်သည်။

လက်ရှိတိုင်းရင်းသားဒေသများတွင်ဖြစ်ပွားနေသောချင်း၊ ကရင်၊ ရှမ်း၊ ရခိုင် ဒေသများတွင် တပ်မတော်ဘက်မှ ထိုးစစ်ဆင်မှုများစစ်ပဋိပက္ခများဖန်တီးလျက် ရှိနေသည့် အတွက် မြန်မာနိုင်ငံ၏ Covid 19 ရောဂါ ကျဆင်းရေး နှင့် ငြိမ်းချမ်းရေးအတွက် အဟန့်အတားဖြစ်စေသည့်အပြင် လူသားချင်းအတူတူစစ်ကြောင့် သေဆုံးသူများသည် COVID 19 ကြောင့် သေဆုံးမှုများထက်ပိုများလျက်ရှိနေသော်လည်း လူအများအာရုံစိုက်မှုစိုးရိမ်ကြောင့်ကြမှုနည်းနေသည်ကို တွေ့ရပြီးကူညီဆောင်ရွက်မှုများလည်းပိတ်ပင်မှုများ ရှိနေသည်။

စစ်ပဋိပက္ခများကြောင့် တိုင်းရင်းသား ပြည်သူလူထုများဒုက္ခမျိုးစုံခံစားနေကြရပြီးသတင်းရယူခွင့်များ၊ အင်တာနက်များ နှင့်စားနပ်ရိက္ခာများ ဖြတ်တောက်ခံနေရသည့် အပြင် COVID 19 အတွက် လိုအပ်သောကာကွယ်မှုများ၊ ဝန်ဆောင်မှုများ နှင့် အလှမ်းပိုဝေးစေသည်။

နိုင်ငံ့အတွက်အရေးတကြီးလိုအပ်သောသတင်းအချက်အလက် မှန်ကန်စွာစီးဆင်းရေး၊ အချိန် နှင့် တပြေးညီ လက်လှမ်းမှီနိုင်ရေးအတွက် နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဖြစ်သောမီဒီယာများ၏ သတင်းရယူခွင့်များ နှင့် လွတ်လပ်ခွင့်များ ချိုးဖောက်ခံနေရသည်ကိုလည်းတွေ့ရှိရသည်။

တိုင်းသူပြည်သားများ Covid 19 ကပ်ရောဂါ ကို စိုးရိမ်ကြောင့်ကြနေကြရပြီး Covid 19 လျော့ကျရေးအတွက် ကြိုးပမ်းမှု ဥပဒေလိုက်နာဆောင်ရွက်မှုများ ရှိနေသော်လည်း လက်ရှိ မြေပြင်များတွင် တပ်မတော်မှ မြေယာသိမ်းဆည်းမှုများ ဆက်လက်လုပ်ဆောင်ခြင်း၊ တောင်သူလယ်သမားများအား တရားစွဲဆိုခြင်း၊ ဗဟိုမှ အကြီးစား စီးပွားရေး ရင်းနှီးမြုပ်နှံမှုများ၊ သယံဇာတထုတ်ယူသုံးစွဲမှုများအား ခွင့်ပြုထားခြင်းသည် ရောဂါ ကာကွယ်ရေးအတွက် ဦးမတည်ပဲ တိုင်းသူပြည်သားများ ဒုက္ခရောက်နေချိန်တွင် တိုင်းပြည်၏ မြေယာ၊ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ သယံဇာတ များကို လက်ဦးရယူမှုပြုခြင်းသည် ငြိမ်းချမ်းရေး ကိုပို၍ အလှမ်းဝေးစေသည်။

COVID 19 အတွက် တိုင်းရင်းသားဒေသများတွင် တနိုင်တပိုင်ကူညီဆောင်ရွက်နေသူများ နှင့် ကျန်းမာရေး ဝန်ထမ်းများ အတွက် အစိုးရ နှင့် နိုင်ငံတကာမှ ရံပုံငွေ၊ ဝန်ဆောင်မှုများ၊ ပညာပေးမှုများ နှင့် ဆေးဝါးများ သည် တိုင်းရင်းသား ဒေသများအတွက် မျှတမှု အားနည်းနေသည်။

ထို့ကြောင့် မိမိတို့ အနေဖြင့် အကြံပြုတိုက်းတွန်းလိုသည်မှာ..

(၁) တိုင်းပြည်၏ အရေးကြီးသည့် အချိန်ကာလတွင် အစိုးရမှ နိုင်ငံတော် ဘဏ္ဍာငွေဖြင့် ရောဂါ ခြေနေ စိတ်ချရသည်အထိ စားနပ်ရိက္ခာအတွက် လိုအပ်သောအလုပ်သမားများ၊ ပြည်သူလူထုများအား ကူညီဖြည့်ဆည်းရန် လိုအပ်ပြီးလုပ်ငန်းများရပ်ဆိုင်းထားရန် လိုအပ်သည်။

(၂) တိုင်းရင်းသားဒေသများအပြင် လက်ရှိစစ်ပဋိပက္ခဖြစ်ပေါ်နေသောချင်း၊ ကရင်၊ ရှမ်း(မြောက်ပိုင်း)၊ ရခိုင် ဒေသများတွင် တပ်မတော်ဘက်မှ ထိုးစစ်ဆင်မှုများစစ်ပဋိပက္ခများဖန်တီးနေခြင်းများရပ်တန့်၍ COVID 19 အတွက် ပိုင်းဝန်းကူညီဆောင်ရွက်ရန်။

(၃) နိုင်ငံတော်၏ ဘတ်ဂျတ်၊ စစ်အသုံးစရိတ်ဘတ်ဂျတ်မှ လက်ရှိ Covid အတွက် အရေးတကြီး လိုအပ်နေသော ဘဏ္ဍာရေး ထောက်ပံ့မှုများ တိုးမြှင့်လုပ်ဆောင်ရန်။

(၄) IDPs ရှိသည့်နေရာများတွင် လုံလောက်သောအထောက်အပံ့များ၊ ဝန်ဆောင်မှုများ ဆောင်ရွက်ရန် သတင်းမီဒီယာလက်လှမ်းမှီစေရေးနှင့်အင်တာနက်ဖြတ်တောက်မှုအားရပ်တန့်ရန်၊သတင်းလက်လှမ်းမှီနိုင်ရေးအလျင်အမြန်ဆောင်ရွက်ရန် နှင့် တနိုင်ငံလုံးအတိုင်းအတာအနေဖြင့်မှန်ကန်သောသတင်းလက်လှမ်းမှီမှုများ၊ ကူညီဆောင်ရွက်မှုများအားဘက်မလိုက်ပဲမျှတစွာဆောင်ရွက်သွားနိုင်ရန်။

(၅) COVID 19 ကပ်ရောဂါသည် အရေးကြီးပြီးတနိုင်ငံလုံးကိစ္စဖြစ်သောကြောင့် ဗဟိုဦးစီးဆုံးဖြတ်မှု တခုတည်းသာမဟုတ်ပဲCovidကိစ္စအားတတ်သိပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ အရပ်ဖက်အဖွဲ့အစည်းများမီဒီယာများဖြင့် ကော်မတီတရပ်ဖြင့် ဖွဲ့စည်းရန်

(၆) ဗဟိုမှ ထိန်းချုပ်မှု ဖြင့် အကြီးစားစီးပွားရေးရင်းနှီးမြုပ်နှံမှုများ၊ စာချုပ်ပြင်ဆင်နေမှုများ သယံဇာတထုတ်ယူသုံးစွဲမှုများအားခွင့်ပြုထားခြင်းအားရပ်ဆိုင်းထားရန်လိုအပ်ပြီး ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့် နှင့် ဆုံးဖြတ်ပိုင်ခွင့်များအားဒေသနေတိုင်းရင်းသားများထံလွှဲပြောင်း၍ လက်ရှိတနိုင်တပိုင် Covid အရေး ကာကွယ်နေသော ကူညီဆောင်ရွက်နေသူများ၊ ကျန်းမာရေး ဝန်ထမ်းများ အားထောက်ပံ့မှု ၊ အသိအမှတ်ပြုမှု တိုးမြှင့်ရန် နှင့် နိုင်ငံတကာများမှ အကူအညီရံပုံငွေများအားဒေသတွင် မျှတစွာ တိုက်ရိုက်စီးဆင်းစေရန်။

(၇) COVID 19 အရေး နှင့် စစ်ပဋိပက္ခအရေးများအပေါ် အသက်စွန့်၍ ကူညီဆောင်ရွက်နေသူများအားလုံးကို ကျွန်ုပ်တို့ အနေဖြင့် လေးစားဂုဏ်ယူဝမ်းမြောက်လျက်ရှိသည်။ (COVID 19)ကြောင့်စိုးရိမ်မှု လွန်ကဲခြင်း၊စိတ်ဓါတ်ကျခြင်းမဖြစ်စေပဲ တည်ငြိမ်စွာဖြင့် မှန်ကန်သည့်သတင်း၊ မှန်ကန်သည့်နည်းလမ်းများ နှင့်အတူအားလုံးပူးပေါင်းဆောင်ရွက်မှုဖြင့် ကြိုတင်ကာကွယ်ခြင်းများအထူးပြုလုပ်စေခြင်းမှ တဆင့် (COVID 19) ကိုတိုက်ဖျက်နိုင်မည်ဟုကျွန်ုပ်တို့ ယုံကြည်သည်။

**ဆက်သွယ်ရန်။**

(၁) နော်ဘလော်ဆွန်  ၀၉၉၅၄၀၂၀၆၅၀

(၂) ခွန်ဦး ၀၉၇၆၅၆၀၀၈၁၂